ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# တူကီယဲ(Türkiye) သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံး၏ ၅/၂၀၂၀ ဆုံးဖြတ်ချက်အား လေ့လာတင်ပြခြင်း


စာတမ်းပြုစုသူ - ဒေါက်တာခင်သန္တာစိုး
လက်ထောက်ညွှန်ကြားရေးမှူး
လုပ်ထုံးဌာနခွဲ

- ဒေါ်ဟေမာသိန်း
ဒုတိယဦးစီးမှူး
တရားစီရင်ရေးဌာနခွဲ



၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

## မာတိကာ


| နိဒါန်း | | |
|---|---|---|
| ၁ | အမှုဖြစ်အကြောင်းခြင်းရာ | ၁ |
| ၂ | တင်သွင်းလွှာအမှတ် | ၂ |
| ၃ | တင်သွင်းသည့်ပုဂ္ဂိုလ်/အဖွဲ့အစည်း | ၂ |
| ၄ | ကြားနာစစ်ဆေးခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ | ၃ |
| ၅ | လျှောက်ထားချက် | ၄ |
| ၆ | ကနဦးစိစစ်ချက် | ၅ |
| ၇ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်များ | ၅ |
| ၈ | ပယ်ဖျက်ခြင်းကိစ္စရပ်ဆိုင်ရာ အရေးယူဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ တင်သွင်းခွင့်ရှိသူများ | ၆ |
| ၉ | ပယ်ဖျက်ခြင်းကိစ္စရပ်ဆိုင်ရာ အရေးယူဆောင်ရွက်မှုများအတွက် အချိန်ကာလသတ်မှတ်ချက် | ၆ |
| ၁၀ | ကနဦးဆုံးဖြတ်ချက် | ၇ |
| ၁၁ | နိုင်ငံတော်သမ္မတအမိန့်ထုတ်ပြန်ခွင့်နှင့်စပ်လျဉ်း၍ စိစစ်သုံးသပ်ချက် | ၇ |
| ၁၂ | အငြင်းပွားသည့် အပိုဒ် (၂) နှင့်စပ်လျဉ်း၍ စိစစ်သုံးသပ်ချက် | ၁၀ |
| ၁၃ | အငြင်းပွားသည့် အပိုဒ် (၃) နှင့်စပ်လျဉ်း၍ စိစစ်သုံးသပ်ချက် | ၁၂ |
| ၁၄ | နိုင်ငံတော်သမ္မတ၏ ထင်မြင်ယူဆချက် | ၁၆ |
| ၁၅ | အကြောင်းခြင်းရာသုံးသပ်ချက် | ၁၆ |
| ၁၆ | ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ | ၁၈ |
| ၁၇ | တရားရုံး၏ ဆုံးဖြတ်ချက် | ၁၈ |
| ၁၈ | ဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှု | ၁၈ |
| ၁၉ | လေ့လာသုံးသပ်ချက် | ၁၉ |
| နိဂုံး | | |
| ကိုးကားသည့်စာရွက်စာတမ်းများ | | |
| ဆုံးဖြတ်ချက် ၅/၂၀၂၀ တွင် ကိုးကားအသုံးပြုခဲ့သည့်ဥပဒေများနှင့် ပုဒ်မများ | | |

## တူကီယဲ(Türkiye) သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ၅/၂၀၂၀ ဆုံးဖြတ်ချက်အား လေ့လာတင်ပြခြင်း

### နိဒါန်း

၁။ တူကီယဲသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာ၍ ၎င်းထံသို့ တင်သွင်းခွင့်ရှိသူများက တင်သွင်းလာသည့် စီရင်ပိုင်ခွင့်ရှိသောအမှုများကို တင်သွင်းလာသည့်အခါတွင် အမှုများအလိုက် သီးခြားလုပ်ထုံးလုပ်နည်းများပြဋ္ဌာန်း၍ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို ထိရောက်စွာဆောင်ရွက်နေသော ရုံးတစ်ရုံး ဖြစ်သည်။ ယခုစာတမ်းသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် Mr. Engin ALTAY, Mr. Özgür ÖZEL, Mr. Engin ÖZKOÇ ပါ ၁၃၄ ဦးက နိုင်ငံတော်သမ္မတထုတ်ပြန်ခဲ့သည့်အမိန့်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိပါသဖြင့် အဆိုပါအမိန့်အား ပယ်ဖျက်ပေးပါရန် တင်သွင်းလာသည့်အမှုအား တူကီယဲသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတွင် စစ်ဆေးခဲ့သည့် အမှုစစ်ဆေးစီရင်ပုံအဆင့်ဆင့်ကို လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။

### အမှုဖြစ်အကြောင်းချင်းရာ

၂။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် Mr. Engin ALTAY, Mr. Özgür ÖZEL, Mr. Engin ÖZKOÇ ပါ ၁၃၄ ဦး က ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့၌ ထုတ်ပြန်ခဲ့သည့် နိုင်ငံတော်သမ္မတ၏ ပြင်ဆင်ချက်အမိန့်၊ အမိန့်အမှတ် - ၂၈ ပါ အပိုဒ် ၂ နှင့် အပိုဒ် ၃ တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၊ ၇၊ ၈၊ ၁၀၄၊ ၁၂၈ နှင့် ၁၆၁ တို့နှင့် ဆန့်ကျင်ကွဲလွဲနေ၍ နိုင်ငံတော်သမ္မတအမိန့်ကို ပယ်ဖျက်ပေးပါရန်နှင့် အာဏာသက်ရောက်မှုကို ရပ်ဆိုင်းပေးသည့်အမိန့်တစ်ရပ်ချမှတ်ပေးပါရန် တင်သွင်းလာခြင်းဖြစ်သည်။

၃။ နိုင်ငံတော်သမ္မတ၏ ပြင်ဆင်ချက်အမိန့်၊ အမိန့်အမှတ် - ၂၈ ပါ အပိုဒ် ၂ သည် "တူကီယဲသမ္မတနိုင်ငံ ပိုမိုတိုးတက်ရန် ပြည်ပတွင်ဆောင်ရွက်မည့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းအတွက် ငွေပေးချေရာတွင် ယဉ်ကျေးမှုနှင့်ခရီးသွားလာရေးဝန်ကြီး၏ခွင့်ပြုချက်ဖြင့် စာချုပ်ပါစုစုပေါင်းပမာဏအထိ စာချုပ်ချုပ်ဆိုသူက ကြိုတင်ငွေပေးဆောင်ရမည်ဖြစ်ပြီး၊ ကုန်စည်နှင့်ဝန်ဆောင်မှုများကို ဝယ်ယူမည့်နိုင်ငံအတွင်း ဈေးကွက်အခြေအနေအရ လိုအပ်ပါက ၎င်းသည် ဈေးကွက်အသာစီးရမှု သိသာထင်ရှားသော အတိုင်းအတာအထိ ပေးဆောင်ရမည်ဖြစ်သည်။

ဤကြိုတင်ငွေပေးချေမှုကို အရေးယူဆောင်ရွက်နိုင်ခြင်းရှိ မရှိ အထူးကိစ္စရပ်အနေဖြင့် ဝန်ကြီး၏သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်။ ကြိုတင်ငွေပေးချေမှုဆိုင်ရာအခြေခံမှုများနှင့် လုပ်ထုံးလုပ်နည်းများကို ယဉ်ကျေးမှုနှင့်ခရီးသွားလာရေး ဝန်ကြီးဌာနက ထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်” ဟုဖော်ပြပါရှိသည်။

၄။ နိုင်ငံတော်သမ္မတ၏ ပြင်ဆင်ချက်အမိန့်၊ အမိန့်အမှတ် - ၂၈ ပါ အပိုဒ် ၃ သည် “ပရိဝုဏ်တစ်ခုတည်းတွင် ဆေးရုံအများအပြားတည်ရှိ၍ အဆိုပါဆေးရုံများ၏ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကိုဆောင်ရွက်ရန် ညှိနှိုင်းရေးမှူးဆေးရုံအုပ် (Coordinator head doctor) တစ်ဦးအား ခန့်အပ်နိုင်သည်။ ဆေးရုံတစ်ခုစီ၏ ကျန်းမားရေးဝန်ဆောင်မှုများနှင့် လေ့ကျင့်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဆရာဝန်များအုပ်ချုပ်မှုရုံးကို တည်ထောင်နိုင်ပြီး အဆိုပါရုံးများသည် ညှိနှိုင်းရေးမှူးဆေးရုံအုပ်၏ ကြီးကြပ်မှုအောက်တွင် တာဝန်ထမ်းဆောင်ရမည်။ ဆေးရုံများ၏ စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့်အခြားသောဝန်ဆောင်မှုများကိုဆောင်ရွက်ရာတွင် သက်ဆိုင်ရာဆေးရုံများ၏ ဆရာဝန်များအုပ်ချုပ်မှုရုံးနှင့် ညှိနှိုင်းရေးမှူးဆေးရုံအုပ်တို့ ပူးပေါင်း၍ ဒါရိုက်တာဘုတ်အဖွဲ့ဖြင့် ဆောင်ရွက်ရမည်။ လိုအပ်ပါက ဆေးရုံတိုင်းတွင် စီမံခန့်ခွဲရေးနှင့်ဘဏ္ဍာရေးကိစ္စရပ်များကို ဆောင်ရွက်ရန် ဒါရိုက်တာဘုတ်အဖွဲ့ကို တည်ထောင်နိုင်သည်။ ဤနည်းဖြင့် ဖွဲ့စည်းထားသော ဆေးရုံများ၏ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာမူဝါဒ၊ လုပ်ထုံးလုပ်နည်းများကို ကျန်းမာရေးဝန်ကြီးဌာနက ဆုံးဖြတ်ရမည်” ဟုဖော်ပြပါရှိသည်။

## တင်သွင်းလွှာအမှတ်

၅။ တင်သွင်းလွှာအမှတ် (Docket No) သည် ၃၁/၂၀၁၉ ဖြစ်ပြီး တူရကီယဲသမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ချက်အမှတ် ၅/၂၀၂၀ ဖြင့် ဆုံးဖြတ်ခဲ့သောအမှုဖြစ်ပါသည်။

## တင်သွင်းသည့်ပုဂ္ဂိုလ်/အဖွဲ့အစည်း

၆။ တင်သွင်းလွှာကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် Mr. Engin ALTAY, Mr. Özgür ÖZEL, Mr. Engin ÖZKOÇ ပါ ၁၃၄ ဦး က တင်သွင်းလာခြင်းဖြစ်ပါသည်။

## ကြားနာစစ်ဆေးခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

၇။ တူကီယဲသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ အမှုများကို တင်သွင်းလာသည့်အခါတွင် ရုံးအဖွဲ့ရှိစာရေးတစ်ဦးက အမှုကိုမှတ်ပုံတင်ပြီးနောက် အထွေထွေအတွင်းရေးမှူးချုပ် (Secretary General) ထံ တင်ပြရပါသည်။ အထွေထွေအတွင်းရေးမှူးချုပ်က အမှုကိုစစ်ဆေး၍ အမှုနှင့်စပ်ဆိုင်သည့် အထောက်အထား၊ စာရွက်စာတမ်းများ ပြည့်စုံလျှင် သက်ဆိုင်ရာစိစစ်ရေးအဖွဲ့ သို့မဟုတ် စုံညီတရားရုံးသို့ ပေးပို့ရပါသည်။ အကယ်၍ အမှုတွင် ပြည့်စုံခြင်းမရှိပါက လိုအပ်သည့်စာရွက်စာတမ်းများကို ၁၅ ရက်အတွင်း ပြန်လည်ပေးပို့ရန် အမှုတင်သွင်းသူများထံ တောင်းခံရပါသည်။ အမှုတွင် လိုအပ်ချက်များအားလုံး ပြည့်စုံပါက အမှုကိုစတင်စစ်ဆေးပြီး ၅ လ အတွင်း ပြီးစီးအောင် ဆောင်ရွက်ရပါသည်။ အချို့အမှုများကို ၅ လ အတွင်း မပြီးစီးပါက အမှုကို အမြန်ဆုံးအပြီးသတ် ဆောင်ရွက်ရပါသည်။

၈။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အမှုစစ်ဆေးနေစဉ် လိုအပ်သည်ဟု ယူဆပါက နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတကိုယ်စားတစ်ဦးဦး သို့မဟုတ် အခြားမည်သူတစ်ဦးတစ်ယောက်ကိုမဆို လူကိုယ်တိုင်လာရောက်ရှင်းလင်းထွက်ဆိုရန် ဆင့်ခေါ်နိုင်သည်။ ထို့ပြင် အမှုနှင့်စပ်လျဉ်း၍ ထင်မြင်ယူဆချက်ပေးရန် နိုင်ငံတော်သမ္မတ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမှုနှင့်သက်ဆိုင်သူများထံသို့ အမှုနှင့်အတူ သက်ဆိုင်ရာစာရွက်စာတမ်းများပေးပို့ပါသည်။ ယင်းတို့၏ ထင်မြင်ယူဆချက် အစီရင်ခံစာများကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ ပြန်လည်ပေးပို့ရပါသည်။

၉။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတွင် စိစစ်ရေးအဖွဲ့ (Section) ၂ ဖွဲ့နှင့် စုံညီတရားရုံး (the General Assembly) ဟူ၍ ထားရှိပါသည်။ စိစစ်ရေးအဖွဲ့တစ်ဖွဲ့တွင် ဒုတိယဥက္ကဋ္ဌဦးဆောင်၍ တရားသူကြီး ၆ ဦးစီ ပါဝင်ပါသည်။ စိစစ်ရေးအဖွဲ့ရုံးထိုင်ရာတွင် တရားသူကြီး ၆ ဦး ပါဝင်ရမည်ဖြစ်သော်လည်း ခြွင်းချက်အနေဖြင့် ဒုတိယဥက္ကဋ္ဌနှင့် အနည်းဆုံး တရားသူကြီး ၄ ဦးတို့ တက်ရောက်ရမည်ဖြစ်သည်။ စိစစ်ရေးအဖွဲ့များသည် လူပုဂ္ဂိုလ်တစ်ဦးချင်းက တင်သွင်းလာသည့် အမှုများကို စိစစ်ရပါသည်။

၁၀။ စုံညီတရားရုံးတွင် တရားသူကြီးအားလုံးပါဝင်ပါသည်။ စုံညီတရားရုံး ရုံးထိုင်ရာတွင် တရားသူကြီး အားလုံးပါဝင်ရမည်ဖြစ်သော်လည်း ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအပါအဝင် အနည်းဆုံးအဖွဲ့ဝင် ၁၀ ဦး တက်ရောက်ရမည်ဖြစ်ပါသည်။

**လျှောက်ထားချက်**

၁၁။ တင်သွင်းသူများက တူကီယဲသမ္မတနိုင်ငံ ပိုမိုတိုးတက်ရန်အတွက် ပြည်ပတွင် ဆောင်ရွက်သည့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းတွင် စာချုပ်ပါစုစုပေါင်းငွေပမာဏကို ကြိုတင်ငွေပေးချေရန်၊ ကြိုတင်ငွေပေးချေမှုနှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများကို အုပ်ချုပ်ရေးအဖွဲ့၏လုပ်ပိုင်ခွင့်အရ သမ္မတအမိန့်ဖြင့် ထုတ်ပြန်ခဲ့သည်။ အမှန်စင်စစ်အားဖြင့် နိုင်ငံတော်ဘဏ္ဍာငွေနှင့်ပတ်သက်လျှင် သီးခြားဥပဒေဖြင့် ပြဋ္ဌာန်းဆောင်ရွက်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၁ တွင် အတိအလင်း ပြဋ္ဌာန်းထားသည်။ ထို့ပြင် ဘဏ္ဍာငွေစီမံခန့်ခွဲရေးနှင့် ထိန်းချုပ်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ဥပဒေအမှတ်- ၅၀၁၈ ဖြင့်လည်းကောင်း၊ ပြည်သူ့ဝယ်ယူရေးဥပဒေကို ၂၀၀၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ဥပဒေအမှတ် ၄၇၃၄ ဖြင့်လည်းကောင်း ပြဋ္ဌာန်းခဲ့ပြီး ဖြစ်သည်။ ယခု အငြင်းပွားသည့်အပိုဒ်သည် ဥပဒေဖြင့်ပြဋ္ဌာန်း၍ ဆောင်ရွက်ရသည့်ကိစ္စရပ်များကို အသစ်ထပ်မံ ဆောင်ရွက်သကဲ့သို့ ဖြစ်နေပါသည်။ ထို့ကြောင့် အုပ်ချုပ်ရေးအာဏာပိုင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများကိုချိုးဖောက်ကာ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးခြင်းဖြစ်၍ အငြင်းပွားသည့်အပိုဒ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၊ ၇၊ ၈၊ ၁၀၄၊ ၁၆၁ တို့နှင့် ဆန့်ကျင်နေပါသည်။

၁၂။ ထို့အပြင် အပိုဒ် ၃ သည် ပရိဝုဏ်တစ်ခုတည်းတွင် ဆေးရုံအများအပြားတည်ရှိ၍ အဆိုပါဆေးရုံများ၏ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရန်နှင့်စပ်လျဉ်း၍ သီးခြားဥပဒေပြဋ္ဌာန်းပြီး ဖြစ်သကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၈ တွင်လည်း အဆိုပါကိစ္စရပ်များကို ဥပဒေဖြင့် သီးခြားပြဋ္ဌာန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ညှိနှိုင်းရေးမှူးဆေးရုံအုပ်ခန့်အပ်ခြင်းကို နိုင်ငံတော်သမ္မတအမိန့်ဖြင့် ဆောင်ရွက်ခဲ့ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၄ နှင့် ၁၂၈ ကို ချိုးဖောက်ခြင်းဖြစ်ကြောင်း လျှောက်ထားပါသည်။

## ကနဦးစိစစ်ချက်

၁၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက တင်သွင်းလွှာနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါအချက်များကို ကနဦးစိစစ်ပါသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်ခြင်း ရှိမရှိ၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ ပယ်ဖျက်ပေးရန် တောင်းဆိုချက်နှင့်စပ်လျဉ်း၍ တင်သွင်းခွင့်ရှိသူများက တင်သွင်းလာခြင်း ဟုတ် မဟုတ်၊

(ဂ) ပယ်ဖျက်ခြင်းကိစ္စရပ်ဆိုင်ရာ အရေးယူဆောင်ရွက်မှုများအတွက် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း တင်သွင်းလာခြင်း ဟုတ် မဟုတ်။

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်များ

၁၄။ တူကီယဲသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်များမှာ-

(က) ဥပဒေများ၊ နိုင်ငံတော်သမ္မတ၏အမိန့်များ၊ အမျိုးသားလွှတ်တော်၏ လုပ်ထုံးလုပ်နည်းဆိုင်ရာနည်းဥပဒေများ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းက တင်သွင်းလာသည့် အမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ မရှိ စိစစ်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်များကို စိစစ်ခြင်းနှင့် အတည်ပြုခြင်း၊

(ဂ) နိုင်ငံတော်သမ္မတ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ၊ ဝန်ကြီးများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အယူခံတရားရုံး၊ နိုင်ငံတော်ကောင်စီ၊ တရားသူကြီးနှင့်ရှေ့နေများကောင်စီ၊ စာရင်းစစ်တရားရုံး၊ ရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်၊ စစ်ဦးစီးချုပ်၊ ကြည်းတပ်ဦးစီးချုပ်၊ ရေတပ်ဦးစီးချုပ်နှင့် လေတပ်ဦးစီးချုပ်တို့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် ပြစ်မှုဆိုင်ရာကိစ္စရပ်များကိုလည်း တရားလွှတ်တော်ချုပ်ကဲ့သို့ စစ်ဆေးခြင်း၊

(ဃ) တရားရုံးတစ်ရုံးက စစ်ဆေးဆဲအမှုနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ မညီ အငြင်းပွားမှုပေါ်ပေါက်၍ တင်သွင်းလာသည့်အမှုများကို စိစစ်ခြင်း၊

(င) နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို စိစစ်ခြင်း၊

(စ) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်လာသည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း စသည်တို့ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၄၈ နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ ပုဒ်မ ၃ (၁) တို့တွင် ပြဋ္ဌာန်းထားသည်။

**ပယ်ဖျက်ခြင်းကိစ္စရပ်ဆိုင်ရာ အရေးယူဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ တင်သွင်းခွင့်ရှိသူများ**

၁၅။ ဥပဒေများ၊ နိုင်ငံတော်သမ္မတ၏အမိန့်များ၊ အမျိုးသားလွှတ်တော်၏ လုပ်ထုံးလုပ်နည်းဆိုင်ရာနည်းဥပဒေများ သို့မဟုတ် ယင်းတို့၏ အချို့အပိုဒ် သို့မဟုတ် ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိ၍ ပယ်ဖျက်ပေးပါရန် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တိုက်ရိုက်တင်သွင်းခွင့်ရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၅၀ နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ ပုဒ်မ ၃၅ တို့တွင် ပြဋ္ဌာန်းထားသည် -

- နိုင်ငံတော်သမ္မတ၊
- အမျိုးသားလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံးပါဝင်သည့် နိုင်ငံရေးပါတီများ၊
- အမျိုးသားလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်ဦးရေ အနည်းဆုံး ၅ ပုံ ၁ ပုံ ပါဝင်သည့် နိုင်ငံရေးပါတီ။

**ပယ်ဖျက်ခြင်းကိစ္စရပ်ဆိုင်ရာ အရေးယူဆောင်ရွက်မှုများအတွက် အချိန်ကာလသတ်မှတ်ချက်**

၁၆။ ဥပဒေများ၊ နိုင်ငံတော်သမ္မတ၏အမိန့်များ၊ အမျိုးသားလွှတ်တော်၏ လုပ်ထုံးလုပ်နည်းဆိုင်ရာနည်းဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုမရှိပါက ၎င်းတို့ကိုနိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပယ်ဖျက်ပေးပါရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တိုက်ရိုက်တင်သွင်းနိုင်သည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၅၁ နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥပဒေ ပုဒ်မ ၃၇ တို့တွင် ပြဋ္ဌာန်းထားပါသည်။

## ကနဦးဆုံးဖြတ်ချက်

၁၇။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများအားလုံးက အစည်းအဝေး တစ်ရပ်ကျင်းပပြီး တင်သွင်းလွှာသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၈ နှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံးဥပဒေ ပုဒ်မ ၃ (၁) တို့အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၅၀ နှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ ပုဒ်မ ၃၅ တို့အရ ပယ်ဖျက်ပေးပါရန် တောင်းဆိုချက်နှင့် စပ်လျဉ်း၍ တင်သွင်းခွင့်ရှိသူများက တင်သွင်းလာခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၅၁ နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ ပုဒ်မ ၃၇ အရ အမှုတင်သွင်းရန် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း တင်သွင်းခြင်းဖြစ်ကြောင်းနှင့် တင်သွင်းလွှာတွင် လိုအပ်ချက်မရှိ၍ အမှုကိုဆက်လက် စစ်ဆေးမည်ဖြစ်ကြောင်း ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၀ ရက် နေ့တွင် ကနဦးဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့သည်။

## နိုင်ငံတော်သမ္မတအမိန့်ထုတ်ပြန်ခွင့်နှင့်စပ်လျဉ်း၍ စိစစ်သုံးသပ်ချက်

၁၈။ တူကီယဲသမ္မတနိုင်ငံသည် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုပြင်ဆင်သည့်ဥပဒေ၊ ဥပဒေအမှတ်- ၆၇၇၁ ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက် အချို့ကို ပြင်ဆင်ခဲ့သည်။ အဆိုပါ ပြင်ဆင်ချက်အရ အုပ်ချုပ်မှုစနစ်သစ်တစ်ရပ်ကို ချမှတ်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အသစ်တဖန် ပြဋ္ဌာန်းခဲ့သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၈ ၏ ယခင်ပြဋ္ဌာန်းချက်သည် အုပ်ချုပ်ရေးအာဏာကို နိုင်ငံတော်သမ္မတ နှင့်ဝန်ကြီးများကောင်စီသို့ အပ်နှင်းထားသည်။ သို့သော် ၂၀၁၇ ခုနှစ် ပြင်ဆင်ချက်အရ ဝန်ကြီးများကောင်စီကို ဖျက်သိမ်း၍ အုပ်ချုပ်ရေးအာဏာများကို နိုင်ငံတော်သမ္မတထံ၌သာ အပြည့်အဝ အပ်နှင်းထားသည်။

၁၉။ သမ္မတအုပ်ချုပ်သောစနစ်၏ ထူးခြားချက်မှာ နိုင်ငံတော်သမ္မတအား “သမ္မတအမိန့် များ” ထုတ်ပြန်ဆောင်ရွက်ခွင့် ပေးထားခြင်းဖြစ်သည်။ နိုင်ငံတော်သမ္မတအမိန့်များ၏ အထင် ရှားဆုံးအင်္ဂါရပ်မှာ အချို့သောကိစ္စရပ်များအတွက် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ခွင့်ကို နိုင်ငံတော်သမ္မတထံ တိုက်ရိုက်အပ်နှင်းထားသည့် အခွင့်အာဏာဖြစ်သည်။ နိုင်ငံတော်သမ္မတ သည် ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားသော လုပ်ပိုင်ခွင့်ဘောင်အတွင်းမှ ဥပဒေ

တစ်ရပ်ရပ် သို့မဟုတ် ဥပဒေပြုရေးအဖွဲ့၏ သဘောတူညီချက်မလိုဘဲ သမ္မတအမိန့်များ ထုတ်ပြန်ဆောင်ရွက်ခွင့်ရှိသည်။

၂၀။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၄/၁၇ တွင် နိုင်ငံတော်သမ္မတသည် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်းသည့်ကိစ္စရပ်များတွင် သမ္မတအမိန့်ကိုထုတ်ပြန်နိုင်သည်။ ယင်းပြဋ္ဌာန်းချက်အရ နိုင်ငံတော်သမ္မတအား ၎င်း၏အုပ်ချုပ်ရေးဆိုင်ရာလုပ်ပိုင်ခွင့်နှင့် ဆက်နွယ်လျက်ရှိသည့် ကိစ္စရပ်များအပေါ်တွင် သမ္မတအမိန့်ထုတ်ပြန်ရန် အထွေထွေအာဏာ အပ်နှင်းထားကြောင်း တွေ့ရသည်။ အဆိုပါပုဒ်မ၏ရည်ရွယ်ချက်မှာ နိုင်ငံတော်သမ္မတသည် လိုအပ်သည်ဟုယူဆသည့် နိုင်ငံတော်၏ စီမံခန့်ခွဲရေးဆိုင်ရာမူဘောင်အတွင်းရှိ အုပ်ချုပ်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ သမ္မတအမိန့်ကို တိုက်ရိုက်ထုတ်ပြန်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။

၂၁။ နိုင်ငံတော်သမ္မတထံ၌ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ နှင့်စပ်လျဉ်း၍ သမ္မတအမိန့်များထုတ်ပြန်ရန် အထွေထွေလုပ်ပိုင်ခွင့်အာဏာကို အပ်နှင်းထားသည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ သတ်မှတ်ထားသည့် အချို့ကိစ္စရပ်များကိုလည်း သမ္မတအမိန့်များ ဖြင့် ထုတ်ပြန်နိုင်ကြောင်း ထပ်မံဖော်ပြထားသည်။ ဤသဘောတရားအရ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၄/၉ တွင် အုပ်ချုပ်ရေးဆိုင်ရာအကြီးအကဲများ ခန့်အပ်ခြင်းဆိုင်ရာမူများ နှင့်လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ပုဒ်မ ၁၀၆/၁၁ တွင် ဝန်ကြီးဌာနများ၏ ရုံးဖွဲ့စည်းပုံ၊ ဖွဲ့စည်းခြင်း၊ ဖျက်သိမ်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ဗဟိုနှင့် ပြည်နယ်အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကိုလည်းကောင်း၊ ပုဒ်မ ၁၀၈/၄ တွင် နိုင်ငံတော်ကြီးကြပ်ရေးကောင်စီ၏ လုပ်ငန်းတာဝန်များ၊ ၎င်းအဖွဲ့ဝင်များ၏ ရာထူးသက်တမ်းနှင့် ၎င်းတို့၏အဆင့်အတန်းနှင့် သက်ဆိုင်သည့် အခြားကိစ္စရပ်များကိုလည်းကောင်း၊ ပုဒ်မ ၁၁၈/၆ တွင် အမျိုးသားလုံခြုံရေးကောင်စီရုံး၏ အဖွဲ့အစည်း၊ တာဝန်များနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကိုလည်းကောင်း သမ္မတအမိန့်ဖြင့် ထုတ်ပြန်ဆောင်ရွက်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၃/၃ တွင် အများပြည်သူဆိုင်ရာအဖွဲ့အစည်းများ (Public Corporate Bodies)ကို ဥပဒေအရဖြစ်စေ၊ သမ္မတ၏အမိန့်ဖြင့်ဖြစ်စေ ဖွဲ့စည်းရမည်ဟု ပြဋ္ဌာန်းထားသည်။

၂၂။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတအား သမ္မတအမိန့်ထုတ်ပြန်ခွင့် အာဏာကို အပ်နှင်းထားသည်မှန်သော်လည်း အကန့်အသတ်မဲ့ လုပ်ပိုင်ခွင့်အာဏာ ပေးအပ်ထားခြင်း

မဟုတ်ပေ။ ဥပဒေနှင့်မတူညီဘဲ သမ္မတအမိန့်ထုတ်ပြန်ခွင့်ရှိသည့်ကိစ္စရပ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကန့်သတ်ပေးထားသည်။ အဆိုပါ ကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၄/၁၇ တွင် ပြဋ္ဌာန်းထားသည်။

၂၃။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၄/၁၇ ပထမစာကြောင်းတွင် နိုင်ငံတော်သမ္မတသည် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သမ္မတအမိန့်ကို ထုတ်ပြန်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ အဆိုပါပြဋ္ဌာန်းချက်အရ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး ကျန်ကိစ္စရပ်များတွင် နိုင်ငံတော်သမ္မတ၌ သမ္မတအမိန့်ထုတ်ပြန်ခွင့် မရှိကြောင်း ထင်ရှားသည်။

၂၄။ အဆိုပါပုဒ်မ၏ ဒုတိယစာကြောင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၁ နှင့် အခန်း ၂ တွင် ပေးအပ်ထားသည့် အခြေခံအခွင့်အရေးများ၊ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အခွင့်အရေးများ၊ အခန်း ၄ တွင် ပေးအပ်ထားသည့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများနှင့် တာဝန်များ စသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သမ္မတအမိန့် ထုတ်ပြန်ခွင့်မရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် အထူးကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်း နိုင်ငံတော်သမ္မတတွင် အမိန့်ထုတ်ပြန်ခွင့်မရှိကြောင်း ပြဋ္ဌာန်းထားသည်။

၂၅။ ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၄/၁၇ တတိယစာကြောင်းတွင် ဥပဒေဖြင့် သီးခြားပြဋ္ဌာန်းထားသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်း နိုင်ငံတော်သမ္မတအမိန့် ထုတ်ပြန်ခွင့်မရှိကြောင်း ပြဋ္ဌာန်းထားသည်။ သို့သော်လည်း မည်သည့်ကိစ္စရပ်များကို ဥပဒေဖြင့် သီးခြားပြဋ္ဌာန်းရမည်ကိုမူ အတိအလင်း ပြဋ္ဌာန်းထားခြင်း မရှိပေ။ သို့သော်ငြားလည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ခဲ့သည့်စီရင်ထုံးများနှင့် ဥပဒေဖြင့် ပြဋ္ဌာန်းဆောင်ရွက်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသူက အထူးသတ်မှတ်ခဲ့သည့် ကိစ္စရပ်များကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပဒေဖြင့် သီးခြားပြဋ္ဌာန်းရန် သတ်မှတ်ထားသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သမ္မတ အမိန့်ထုတ်ပြန်ခွင့်မရှိပေ။

၂၆။ ဥပဒေဖြင့် အတိအလင်းပြဋ္ဌာန်းသတ်မှတ်ထားသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတအမိန့်ထုတ်ပြန်ခွင့်မရှိကြောင်း သတ်မှတ်ထားသည်။ ဤပြဋ္ဌာန်းချက်အရ နိုင်ငံတော်

သမ္မတသည် ဥပဒေဖြင့် အတိအလင်း ပြဋ္ဌာန်းမထားသည့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ အပေါ်တွင်သာ သမ္မတအမိန့်ထုတ်ပြန်ခွင့် ရှိပေသည်။

၂၇။ နိုင်ငံတော်သမ္မတသည် အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမိန့်များကို ထုတ်ပြန်ရမည်ဖြစ်သည်။ တနည်းအားဖြင့်ဆိုသော် အကြောင်းခြင်းရာများက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်သည်ဟု မဆိုနိုင်ချေ။ ထို့ကြောင့် နိုင်ငံတော်သမ္မတ အမိန့်ထုတ်ပြန်ခွင့်အပေါ် ဥပဒေအရ ပြန်လည်သုံးသပ်ရာတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၀၄/၁၇ တွင် သတ်မှတ်ထားသည့် အကြောင်းခြင်းရာများနှင့် ကိုက်ညီမှု ရှိမရှိ အဓိက စစ်ဆေးရမည်ဖြစ်ပေသည်။

**အငြင်းပွားသည့် အပိုဒ် (၂) နှင့်စပ်လျဉ်း၍ စိစစ်သုံးသပ်ချက်**

၂၈။ အငြင်းပွားသည့် ကိစ္စရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၁ နှင့် ဆန့်ကျင်နေသည်ဟု လျှောက်ထားသော်လည်း သမ္မတအမိန့်ထုတ်ပြန်ခွင့်ရှိသည့် ကိစ္စရပ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၄/၁၇ တွင် ပြဋ္ဌာန်းထားသည်။

၂၉။ အငြင်းပွားသည့် အပိုဒ် ၂ တွင် "တူကီယဲသမ္မတနိုင်ငံ ပိုမိုတိုးတက်ရန်အတွက် ပြည်ပတွင် ဆောင်ရွက်မည့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်း၌ ငွေပေးချေရာတွင် စာချုပ်ပါ စုစုပေါင်းပမာဏအထိ စာချုပ်ချုပ်ဆိုသူက ကြိုတင်ငွေပေးဆောင်ရမည်ဖြစ်ပြီး၊ ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူမည့်နိုင်ငံ အတွင်း ဈေးကွက်အခြေအနေအရ လိုအပ်ပါက ၎င်းသည် ဈေးကွက်အသာစီးရမှု သိသာထင်ရှားသော အတိုင်းအတာအထိ ပေးဆောင်နိုင်မည်ဖြစ်သည်။ ဤကြိုတင်ငွေပေးချေမှုကို ဆောင်ရွက်နိုင်ခြင်းရှိ၊မရှိ အထူးကိစ္စရပ်အနေဖြင့် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီး၏သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်။ ကြိုတင်ငွေပေးချေမှုဆိုင်ရာအခြေခံမူများနှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာနက ထုတ်ပြန်သည့် ညွှန်ကြားချက်ဖြင့် ဆုံးဖြတ်ရမည်"ဟု ဖော်ပြထားသည်။

၃၀။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၄/၁၇ တွင် ဥပဒေဖြင့် အတိအလင်းပြဋ္ဌာန်းထားသည့် ကိစ္စရပ်များတွင် နိုင်ငံတော်သမ္မတ အမိန့်ထုတ်ပြန်ခွင့်မရှိကြောင်း ပြဋ္ဌာန်းထားသည်။ အဆိုပါ ပြဋ္ဌာန်းချက်အရ ဥပဒေပြဋ္ဌာန်းထားခြင်းရှိ မရှိကို အဓိကထားစဉ်းစားရမည်။ ဥပဒေပြဋ္ဌာန်းပြီး ဖြစ်လျှင် အငြင်းပွားသည့်အပိုဒ်သည် အဆိုပါဥပဒေဖြင့် အတိအလင်းဖော်ပြထားသည့်ကိစ္စ

ရပ်များကို ဆောင်ရွက်ခြင်း ဟုတ်မဟုတ် ချင့်ချိန်သုံးသပ်ရမည်။ ထိုသို့ သုံးသပ်ရာတွင် သမ္မတ အမိန့်သည် သက်ဆိုင်ရာဥပဒေဖြင့်ပြဋ္ဌာန်းဆောင်ရွက်သည့် ကိစ္စရပ်များတွင် အကျုံးဝင်ခြင်း ရှိမရှိ ဦးစွာ စဉ်းစားရမည်ဖြစ်သည်။

၃၁။ အငြင်းပွားသည့်အပိုဒ်သည် တူကီယဲနိုင်ငံတိုးတက်ရေးအတွက် ပြည်ပတွင် ဆောင်ရွက်မည့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းအတွက် ဝန်ကြီး၏သဘောတူညီချက်ဖြင့် စာချုပ်ပါ စုစုပေါင်းပမာဏအထိ ကြိုတင်ငွေပေးချေနိုင်ကြောင်း၊ ကြိုတင်ငွေပေးချေမှုအတွက် လိုအပ်သည့်ကိစ္စရပ်များကို ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ ကြိုတင်ငွေပေးချေမှုဆိုင်ရာ အခြေခံမူများနှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာနက ထုတ်ပြန်သည့် ညွှန်ကြားချက်ဖြင့် ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ ငွေပေးချေမှု ဆောင်ရွက်ရာတွင် လိုအပ်သည့်ကိစ္စရပ်များကို ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနဝန်ကြီး၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်ကြောင်းနှင့် ငွေပေးချေမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်မူသဘောတရားများကို ဝန်ကြီးဌာနကထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအရ ဆုံးဖြတ်ရမည်ဆိုသည့် အချက်များကိုလည်း ချင့်ချိန်စဉ်းစားရမည်ဖြစ်ပေသည်။

၃၂။ ကြိုတင်ငွေပေးချေမှုဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို ဥပဒေအမှတ် ၅၀၁၈ ဖြင့်ထုတ်ပြန်ထားသည့် ဘဏ္ဍာငွေစီမံခန့်ခွဲရေးနှင့်ထိန်းချုပ်ရေးဥပဒေပုဒ်မ ၃၅ တွင် "ကြိုတင်ငွေပေးချေမှု" ခေါင်းစဉ်အောက်တွင် "ဘဏ္ဍာငွေကြိုတင်ပေးချေမှုပမာဏသည် သက်ဆိုင်ရာ စာချုပ်တွင် သတ်မှတ်ထားချက်များအရသာ ဆောင်ရွက်ရမည်ဖြစ်ပြီး စာချုပ်ပါ စုစုပေါင်း တန်ဖိုး၏ ၃၀ ရာခိုင်နှုန်းထက် မကျော်လွန်စေရ" ဟု ယေဘုယျအားဖြင့် ပြဋ္ဌာန်းထားသည်။ အဆိုပါပြဋ္ဌာန်းချက်သည် ဝန်ကြီးဌာနများအပါအဝင် အများပိုင်အဖွဲ့အစည်းများ (Public Institutions) နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ (Organizations) က ပြည်တွင်း၊ ပြည်ပ၌ ပေးဆောင်ရမည့် ကြိုတင်ငွေပေးချေမှုဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များဖြစ်သည်။

၃၃။ အထက်ပါပြဋ္ဌာန်းချက်များအရ တူကီယဲသမ္မတနိုင်ငံ ပိုမိုတိုးတက်ရန်အတွက် ပြည်ပ တွင် ဆောင်ရွက်သည့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းများ၏ ငွေပေးချေမှုဆိုင်ရာကိစ္စရပ် များကို ဥပဒေဖြင့်ပြဋ္ဌာန်းဆောင်ရွက်ခြင်းဖြစ်ပြီး အငြင်းပွားသည့်အပိုဒ်သည် နိုင်ငံတော် သမ္မတထံတွင် အမိန့်ထုတ်ပြန်ခွင့် အပ်နှင်းထားခြင်းမရှိပေ။

၃၄။ ဘဏ္ဍာငွေစီမံခန့်ခွဲရေးနှင့်ထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၃၅/၂ တွင် "ကြိုတင်ငွေပေးချေမှု ဆိုင်ရာကိစ္စရပ်များ နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဥပဒေများ သို့မဟုတ် သမ္မတအမိန့်စာများဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်" ဆိုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်း ချက်များတွင် ဥပဒေဖြင့် အတိအလင်းပြဋ္ဌာန်းထားသည့် ကိစ္စရပ်အပေါ်တွင် သမ္မတအမိန့် ထုတ်ပြန် ဆောင်ရွက်ခွင့်မရှိကြောင်း၊ ဥပဒေပြုသူများအတွက် အဆိုပါလုပ်ပိုင်ခွင့်ကို ခွင့်ပြုရန် မဖြစ်နိုင်ကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် သမ္မတအမိန့်ထုတ်ပြန်ခွင့်နှင့် စပ်လျဉ်း၍ ခြွင်းချက်ပြုဖော်ပြထားသည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မတွေ့ရှိရပေ။

၃၅။ အထက်ဖော်ပြပါ အကြောင်းပြချက်များအရ အဆိုပါအငြင်းပွားသည့်အပိုဒ်သည် ဥပဒေဖြင့် အတိအလင်းပြဋ္ဌာန်းထားသည့် ကိစ္စရပ်များတွင် အကျုံးဝင်သဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၀၄ /၁၇ ကို ချိုးဖောက်ကြောင်း တွေ့ရှိရပါသည်။

## အငြင်းပွားသည့် အပိုဒ် (၃) နှင့်စပ်လျဉ်း၍ စိစစ်သုံးသပ်ချက်

၃၆။ အငြင်းပွားသည့်အပိုဒ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၈ နှင့် အကြောင်းခြင်းရာ အားဖြင့် ဆန့်ကျင်နေသည်ဟု လျှောက်ထားလာသော်လည်း နိုင်ငံတော်သမ္မတအမိန့်ထုတ် ပြန်ခွင့်နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၄/၁၇ အရ စစ်ဆေးရမည်ဖြစ်သည်။

၃၇။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သမ္မတအား သမ္မတအမိန့်ထုတ်ပြန်ခွင့် ရှိသည့် အထူးကိစ္စရပ်များဟူ၍ သီးခြားပြဋ္ဌာန်းထားခြင်းမရှိပေ။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၄/၁၇ တွင် နိုင်ငံတော်သမ္မတအမိန့်ထုတ်ပြန်၍ ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် နိုင်ငံတော်သမ္မတအမိန့်အတွက် ကန့်သတ်ချက်များကို ပြဋ္ဌာန်းထားသည်။ သို့သော်လည်း နိုင်ငံတော်သမ္မတ အမိန့်ထုတ်ပြန်ခွင့်နှင့်စပ်လျဉ်း၍ ကန့်သတ်ချက်များကို ဖွဲ့စည်းပုံအခြေခံ ဥပဒေရှိ အခြားဆက်စပ် ပြဋ္ဌာန်းချက်များကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

၃၈။ အငြင်းပွားသည့်အပိုဒ် ၃ သည် "ပရိဝုဏ်တစ်ခုတည်းတွင် ဆေးရုံအများအပြား တည်ရှိ ၍ အဆိုပါဆေးရုံများ၏ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရန် ညှိနှိုင်းရေးမှူးဆေးရုံ အုပ်တစ်ဦးအား ခန့်အပ်နိုင်သည်။ ဆေးရုံတစ်ခုစီ၏ ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုများနှင့် လေ့ကျင့်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဆရာဝန်များအုပ်ချုပ်မှုရုံးကို တည် ထောင်နိုင်ပြီး အဆိုပါရုံးများသည် ဆေးရုံအုပ်ကြီး၏ကြီးကြပ်မှုအောက်တွင် တာဝန်ထမ်း

ဆောင်ရမည်။ ဆေးရုံများ၏ စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြား သောဝန်ဆောင်မှုများကိုဆောင်ရွက်ရာတွင် သက်ဆိုင်ရာဆေးရုံများ၏ ဆရာဝန်များအုပ်ချုပ် မှုရုံးနှင့် ညှိနှိုင်းရေးမှူးဆေးရုံအုပ်တို့ပူးပေါင်း၍ ဒါရိုက်တာဘုတ်အဖွဲ့ဖြင့် ဆောင်ရွက်ရမည်။ လိုအပ်ပါက ဆေးရုံတိုင်းတွင် စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးကိစ္စရပ်များကို ဆောင်ရွက်ရန် ဒါရိုက်တာဘုတ်အဖွဲ့ကို တည်ထောင်နိုင်သည်။ ဤနည်းဖြင့် ဖွဲ့စည်းထားသော ဆေးရုံများ၏ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာနက ဆုံးဖြတ်ရမည်” ဟု ဖော်ပြထားသည်။

၃၉။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၄/၁၇ ပထမစာကြောင်းအရ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို သမ္မတအမိန့် ထုတ်ပြန်ဆောင်ရွက်ခွင့်ရှိသည်။ ထို့အပြင် အငြင်းပွားသည့်အပိုဒ်တွင် ဆေးရုံများတည်ထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်းကို ကျန်းမာ ရေးဝန်ကြီးဌာန၏နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြ ထားသည်။

၄၀။ အငြင်းပွားသည့်အပိုဒ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၄/၁၇ ၏ ဒုတိယ စာကြောင်းအရ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၁ နှင့် အခန်း ၂ ဒုတိယပိုင်းတို့တွင် ပြဋ္ဌာန်း ထားသည့် အခြေခံအခွင့်အရေးများ၊ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အခွင့်အရေးများ၊ တာဝန်များနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များအတွင်း မကျရောက်သကဲ့သို့ အခန်း ၄ တွင် ပြဋ္ဌာန်းထားသည့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများ၊ တာဝန်များနှင့်ပတ်သက်၍လည်း နိုင်ငံတော်သမ္မတတွင် အမိန့်ထုတ်ပြန်ခွင့်မရှိပေ။

၄၁။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၄ /၁၇ ၏ တတိယစာကြောင်းတွင် ဥပဒေဖြင့် အတိ အလင်း ပြဋ္ဌာန်းထားသည့်ကိစ္စရပ်များကို နိုင်ငံတော်သမ္မတ အမိန့်ထုတ်ပြန် ဆောင်ရွက်ခွင့် မရှိကြောင်း ပြဋ္ဌာန်းထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသူများသည် ဥပဒေပြဋ္ဌာန်းရန် အထူးလိုအပ်ကြောင်း ပြဋ္ဌာန်းထားသည့်ကိစ္စရပ်များကို ဥပဒေဖြင့်သာ သီးခြားပြဋ္ဌာန်းဆောင် ရွက်ရမည်ဖြစ်သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပဒေဖြင့်သီးခြားပြဋ္ဌာန်းရန် လိုအပ်ကြောင်း ဖော်ပြထားသည့်ကိစ္စရပ်အပေါ် သမ္မတအမိန့်ထုတ်ပြန် ဆောင်ရွက်ခွင့်မရှိ ပေ။ သို့သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သမ္မတအမိန့် ထုတ်ပြန်ခွင့်ရှိ ကြောင်း ဖော်ပြထားသည့်ကိစ္စရပ်အားလုံး အပေါ်တွင်သာ သမ္မတအမိန့် ထုတ်ပြန်နိုင်သည်။

၄၂။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၃/၁ တွင် "အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့ဖွဲ့စည်းခြင်းနှင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ဥပဒေဖြင့် ပြဋ္ဌာန်းရမည်"ဟု ပြဋ္ဌာန်းထားသည်။ သို့သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၆/၁၁ တွင် "ဝန်ကြီးဌာနများ၏ ရုံးဖွဲ့စည်းပုံ၊ တည်ထောင်ခြင်း၊ ဖျက်သိမ်းခြင်း၊ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ဗဟိုနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ ဖွဲ့စည်းခြင်းတို့နှင့်စပ်လျဉ်း၍ သမ္မတအမိန့်ထုတ်ပြန် ဆောင်ရွက်ရမည်"ဟု ပြဋ္ဌာန်းထားသဖြင့် ဝန်ကြီးဌာနများ၏ ရုံးဖွဲ့စည်းပုံ၊ တည်ထောင်ခြင်း၊ ဖျက်သိမ်းခြင်း၊ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ဗဟိုနှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများဖွဲ့စည်းခြင်း စသည့်ကိစ္စရပ်များကို သမ္မတအမိန့်ဖြင့် ထုတ်ပြန်ဆောင်ရွက်ခွင့်ရှိကြောင်း အတိအလင်းခွင့်ပြုထားခြင်း ဖြစ်သည်။

၄၃။ ဤသဘောတရားအရ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၃ ပါ ကန့်သတ်ချက်များ မှတပါး ဝန်ကြီးဌာနများ၏ ရုံးဖွဲ့စည်းပုံ၊ တည်ထောင်ခြင်း၊ ဖျက်သိမ်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ဗဟိုနှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာကိစ္စရပ်များတွင် သမ္မတအမိန့်ဖြင့် စီမံခန့်ခွဲဆောင်ရွက်ခွင့်ရှိသည်။

၄၄။ အငြင်းပွားသည့် အပိုဒ်သည် ဝန်ကြီးဌာနများဖွဲ့စည်းပုံနှင့် ဆက်နွယ်နေသော ကိစ္စရပ်များဖြစ်သည်။ အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၆/၁၁ တွင် ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များအနက်မှတစ်ခုဖြစ်ပြီး နိုင်ငံတော်သမ္မတအမိန့်ဖြင့် ထုတ်ပြန်ဆောင်ရွက်နိုင်သည့် ကိစ္စရပ်ဖြစ်သည်။ အမှန်စင်စစ်အားဖြင့် ဤကိစ္စရပ်သည် ပရိဂုဏ်တစ်ခုတည်းအတွင်း ဆေးရုံအများအပြားတည်ထောင်ခြင်းသည် ပြည်နယ်ကျန်းမာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည်။ ထို့ကြောင့် အငြင်းပွားသည့် အပိုဒ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၄/၁၇ ၊ ၁၂၃ တို့နှင့် ဆန့်ကျင်ကွဲလွဲမှု တစ်စုံတစ်ရာ မတွေ့ရှိရချေ။

၄၅။ အငြင်းပွားသည့်အပိုဒ်နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၄/၁၇ နှင့် ပုဒ်မ ၁၂၈ ကို ဆက်စပ်ကြည့်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေကြောင်းတွေ့ရှိရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၈/၂ ၏ ဒုတိယစာကြောင်းတွင် "ပြည်သူ့ဝန်ထမ်းများနှင့် အခြားအရာထမ်းများကို ခန့်အပ်ခြင်း၊ အရည်အချင်းသတ်မှတ်ခြင်း၊ လစာနှင့်ဝင်ငွေများ၊ တာဝန်နှင့်အခွင့်အရေးများ၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့် ၎င်းတို့အဆင့်အတန်းနှင့် ဆက်နွယ်သည့် ကိစ္စရပ်များကို ဥပဒေပြဋ္ဌာန်းဆောင်ရွက်ရမည်"ဟု ပြဋ္ဌာန်းထားသည်။ အနှစ်သာရအားဖြင့် အငြင်းပွားသည့်အပိုဒ်သည် ညှိနှိုင်းရေးမှူးဆေးရုံအုပ်ခန့်အပ်ခြင်း၊ ဆေးရုံအုပ်ရုံးခန်း တည်

ထောင်ခြင်း၊ ညှိနှိုင်းရေးမှူးဆေးရုံအုပ်နှင့်ပူးပေါင်း၍ ဒါရိုက်တာဘုတ်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် ၎င်းတို့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ ချမှတ်ခြင်းစသည်တို့ဖြစ်သည်။ အငြင်းပွားသည့် အပိုဒ်ပါ "အရည်အချင်းသတ်မှတ်ခြင်း"၊ "ခန့်အပ်ခြင်း"၊ "တာဝန်နှင့်လုပ်ပိုင်ခွင့်များ"၊ "အခွင့်အရေးနှင့်တာဝန်များ"၊ ပြည်သူ့ဝန်ထမ်းများ၏ "လစာနှင့်စရိတ်များ"၊ "၎င်းတို့၏အဆင့်အတန်းနှင့် သက်ဆိုင်သောအခြားကိစ္စရပ်များ" စသည်တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၈/၂ တွင် ဥပဒေဖြင့် ပြဋ္ဌာန်းဆောင်ရွက်ရမည့်ကိစ္စရပ်များဖြစ်၍ သမ္မတအမိန့်ဖြင့် ဆောင်ရွက်ရမည့် ကိစ္စရပ်များတွင် ပါဝင်ခြင်းမရှိချေ။ အငြင်းပွားသည့်အပိုဒ်သည် "ပရိဝုဏ်တစ်ခုအတွင်း ဆေးရုံအများအပြား တည်ဆောက်ထားရှိ၍ အဆိုပါဆေးရုံများ၏ စီမံခန့်ခွဲရေးကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းရေးမှူးဆေးရုံအုပ်ကို ခန့်အပ်ခြင်းကိစ္စသည် ဆိုခဲ့သည့်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၈ အရ ခန့်အပ်ဆောင်ရွက်သည့်ကိစ္စနှင့် စပ်လျဉ်းသည်ဟူ၍လည်း မဆိုနိုင်ပေ။ အမှန်စင်စစ်အားဖြင့် အဆိုပါပြဋ္ဌာန်းချက်များသည် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ပြည်နယ်အဖွဲ့အစည်းတစ်ခုထူထောင်၍ ညှိနှိုင်းရေးမှူးဆရာဝန်တစ်ဦးကို ခန့်အပ်နိုင်ခြင်းရှိမရှိ အငြင်းပွားမှုပေါ်ပေါက်လာခြင်းပင်ဖြစ်သည်။ ဤသဘောတရားအရ အငြင်းပွားသည့်အပိုဒ်ပါ ညှိနှိုင်းရေးမှူးဆေးရုံအုပ် ခန့်အပ်ခြင်းနှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းနှင့်မူများကိုမူ ချမှတ်ထားခြင်းမရှိပေ။ ထို့ကြောင့် ညှိနှိုင်းရေးမှူးဆေးရုံအုပ် ခန့်အပ်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၈ အရ ပြည့်သူ့ဝန်ထမ်းနှင့် အရာထမ်းများခန့်အပ်ခြင်းစကားရပ်တွင် အကျုံးဝင်ခြင်း မရှိကြောင်း တွေ့ရှိရသည်။

၄၆။ ဥပဒေဖြင့် အတိအလင်းပြဋ္ဌာန်းထားသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတအမိန့်ထုတ်ပြန်ခွင့်မရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၄/၁၇ တွင် ပြဋ္ဌာန်းထားသည်။ အထက်တွင်ဆိုခဲ့သည့်အတိုင်း နိုင်ငံတော်သမ္မတ အမိန့်ထုတ်ပြန်ခွင့်နှင့် စပ်လျဉ်း၍ သုံးသပ်ရာတွင် ဆိုခဲ့သည့်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်ဖြစ်သည်။ အငြင်းပွားသည့် အပိုဒ်သည် ဥပဒေပြဋ္ဌာန်းထားပြီးဖြစ်၍ အပြိုင်အဆိုင် ဆောင်ရွက်နေခြင်းရှိမရှိကိုလည်း သုံးသပ်ရမည်ဖြစ်သည်။ ဆက်လက်၍ နိုင်ငံတော်သမ္မတ အမိန့်ထုတ်ပြန်ခွင့်ရှိသည့်ကိစ္စရပ်များကို ရှင်းရှင်းလင်းလင်းပြဋ္ဌာန်းထားသည့် ဥပဒေရှိပါကလည်း အငြင်းပွားမှု ပေါ်ပေါက်မည် မဟုတ်ချေ။ ဤဆုံးဖြတ်ချက်တွင် ပထမဦးစွာစိစစ်ရမည်မှာ နယ်ပယ်တစ်ခုတွင် အာဏာသက်ရောက်ပြီးဖြစ်သည့် သက်ဆိုင်ရာဥပဒေကို သမ္မတအမိန့်က

လွှမ်းမိုးနေခြင်းရှိမရှိနှင့် ဥပဒေအဖြစ် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များသည်လည်း ရှင်းလင်းခြင်းရှိမရှိ သုံးသပ်ရမည်ဖြစ်သည်။ ညှိနှိုင်းရေးမှူးဆေးရုံအုပ်နှင့်စပ်လျဉ်း၍မူ ပြဋ္ဌာန်းချက်တစ်စုံတစ်ရာမတွေ့ရှိရပေ။ ထို့ကြောင့် အငြင်းပွားသည့်ကိစ္စရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ခြင်းမရှိကြောင်း တွေ့ရှိရသည်။

၄၇။ အထက်ပါအကြောင်းပြချက်များအရ အငြင်းပွားသည့်အပိုဒ် (၃) သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၄/၁၇ အတွင်းမကျရောက်ပေ။

## နိုင်ငံတော်သမ္မတ၏ ထင်မြင်ယူဆချက်

၄၈။ နိုင်ငံတော်သမ္မတ၏ ထင်မြင်ယူဆချက်တွင် အငြင်းပွားသည့်အချက်နှင့် စပ်လျဉ်း၍ ဆေးရုံများကို အစိုးရ/ ပုဂ္ဂလိက ပူးပေါင်းတည်ဆောက်ပြီး လုပ်ငန်းစတင်လည်ပတ်ရာတွင် ပါဝင်သည့် စီမံခန့်ခွဲခြင်းဆိုင်ရာကိစ္စရပ်များနှင့် လည်ပတ်နေသော ဆေးရုံများအကြား ညှိနှိုင်းဆောင်ရွက်ပေးခြင်းဖြင့် သဘာဝအရင်းအမြစ်များကို ထိရောက်အကျိုးရှိသော နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အကျဉ်းချုပ်ရေးသားပါရှိသည်။

## အကြောင်းခြင်းရာသုံးသပ်ချက်

၄၉။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂ တွင် “နိုင်ငံတော်သည် လူ့အခွင့်အရေးများ၊ အဆိုပါအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကာကွယ်ရန်နှင့် ပိုမိုအားကောင်းလာစေရန်၊ ဥပဒေများကို လိုက်နာဆောင်ရွက်ခြင်း၊ ကဏ္ဍအားလုံးတွင် တရားမျှတမှုကိုတည်ထောင်ခြင်း၊ တိုးတက်လာသည့်အပြုအမူများကို ထိန်းသိမ်းရန်၊ ဥပဒေရေးရာလုံခြုံခွင့်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆန့်ကျင်သည့် သဘောထားအပြုအမူများကို ရှောင်ရှားခြင်း၊ နိုင်ငံတော်၏ အဖွဲ့အစည်းများ အားလုံးအပေါ်တွင် အချုပ်အခြာအာဏာရှိခြင်း၊ တရားစီရင်ရေးဆိုင်ရာသုံးသပ်မှုများကိုလိုက်နာ၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများကိုလိုက်နာခြင်း စသည်တို့ကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်”ဟု ပြဋ္ဌာန်းထားသည်။

၅၀။ နိုင်ငံတော်သမ္မတသည် တရားဥပဒေစိုးမိုးရေးမှုများကို လိုက်နာ၍ အများပြည်သူ၏ အကျိုးစီးပွားအတွက် နိုင်ငံတော်သမ္မတအမိန့် ထုတ်ပြန်ရမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်များကို ညွှန်ပြရလျှင် အများပြည်သူအကျိုးစီးပွားသည် အထက်တွင်ဖော်ပြခဲ့သည့် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အကျိုးစီးပွားဖြစ်သည့် လူမှုအကျိုးစီးပွား

နှင့် မတူညီပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဆိုလိုရင်းကိုကြည့်လျှင် နိုင်ငံတော်သမ္မတသည် အခြားကိစ္စရပ်များမှတစ်ပါး အများပြည်သူအကျိုးစီးပွားနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များအတွက်မူ သမ္မတအမိန့်ထုတ်ပြန်ခွင့်ရှိသည်။ အများပြည်သူအကျိုးစီးပွားအတွက်မှတစ်ပါး အခြားရည်ရွယ်ချက်ဖြင့် ပြဋ္ဌာန်းခြင်းဖြစ်လျှင် အဆိုပါပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖောက်ဖျက်သည်ဟု ယူဆရမည်ဖြစ်သည်။

၅၁။ အခြားတဖက်မှသုံးသပ်ရလျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် သမ္မတအမိန့်ထုတ်ခွင့်ရှိသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမိန့်ထုတ်ပြန်ဆောင်ရွက်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မည်ဖြစ်သကဲ့သို့ အများပြည်သူအကျိုးစီးပွားနှင့်စပ်လျဉ်း၍လည်း အမိန့်ထုတ်ပြန် ဆောင်ရွက်ခွင့်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုရှိ မရှိ သုံးသပ်ရာတွင် နိုင်ငံတော်သမ္မတ၏အမိန့်သည် အများပြည်သူအကျိုးစီးပွားအတွက် ဟုတ်မဟုတ်ဆိုသည်ကို အငြင်းပွားဖွယ်တွေ့ရှိရသော်လည်း အငြင်းပွားသည့်ကိစ္စသည် အများပြည်သူအကျိုးစီးပွားနှင့် မသက်ဆိုင်ဘဲ အချို့သောလူပုဂ္ဂိုလ်တစ်ဦးချင်းသို့မဟုတ် အစုအဖွဲ့များအတွက် အကျိုးရှိသည်ဟူ၍လည်း သုံးသပ်ရရှိသည်။

၅၂။ နိုင်ငံတော်သမ္မတ၏ ထင်မြင်ယူဆချက်တွင် နိုင်ငံတော်သမ္မတအမိန့်များ ထုတ်ပြန်ဆောင်ရွက်ခြင်း၏ရည်ရွယ်ချက်ကို ဖော်ပြထားခြင်းမရှိချေ။ အဆိုပါပြဋ္ဌာန်းချက်ကို ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်သည် ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် အလွန်အရေးကြီးသည်။ နိုင်ငံတော်သမ္မတ၏ ထင်မြင်ယူဆချက်အရ ၎င်းတို့သည် ဆေးရုံများစီမံခန့်ခွဲမှုနှင့် စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်နှင့်တာဝန်များကို သင့်တင့်မျှတစွာ ဖြည့်ဆည်းပေးရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ထို့ကြောင့် အငြင်းပွားသည့် အပိုဒ်နှင့်စပ်လျဉ်း၍ တရားရုံးက ၎င်းတို့သည် အများပြည်သူအကျိုးစီးပွားအတွက်မှတစ်ပါး အခြားမည်သည့် ရည်ရွယ်ချက်ရှိကြောင်း သုံးသပ်ရန် လိုအပ်တော့မည်မဟုတ်ပေ။

၅၃။ အထက်ပါ အကြောင်းပြချက်များကြောင့် အငြင်းပွားသည့်အပိုဒ် (၃) သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂ နှင့် ဆန့်ကျင်ခြင်းမရှိချေ။

## ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

၅၄။ တူကီယဲသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အမှုများကို ဆုံးဖြတ်ရာတွင် တရားသူကြီးများက ဆန္ဒမဲပေး၍ ဆုံးဖြတ်ရမည်။ ဆုံးဖြတ်ချက်များကို ချမှတ်သည့်အခါတွင် တက်ရောက်လာသည့် တရားသူကြီးအားလုံး၏ သဘောတူညီချက်ဖြင့် (absolute majority)ဆုံးဖြတ်ရမည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း၊ နိုင်ငံရေးပါတီများ ဖျက်သိမ်းခြင်းစသည့် ကိစ္စရပ်များတွင် တက်ရောက်လာသည့် တရားသူကြီးများ၏ ၃ ပုံ ၂ ပုံ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## တရားရုံး၏ ဆုံးဖြတ်ချက်

၅၅။ ထို့ကြောင့် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် တရားသူကြီးအားလုံး၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

**-၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့၌ ထုတ်ပြန်ခဲ့သည့် နိုင်ငံတော်သမ္မတ၏ ပြင်ဆင်ချက်အမိန့်၊ အမိန့်အမှတ် - ၂၈ ပါ အပိုဒ် ၂ သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိ၍ အဆိုပါ အပိုဒ်သည် ပျက်ပြယ်သည်။**

**-၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့၌ ထုတ်ပြန်ခဲ့သည့် နိုင်ငံတော်သမ္မတ၏ ပြင်ဆင်ချက်အမိန့်၊ အမိန့်အမှတ် - ၂၈ ပါ အပိုဒ် ၃ သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ကြောင်း မတွေ့ရှိရသဖြင့် အဆိုပါအပိုဒ်ကို ပယ်ဖျက်ပေးရန် တောင်းဆိုချက်အား ပလပ် လိုက်သည်။**

## ဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှု

၅၆။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်ပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးဆိုင်ရာအာဏာပိုင်များ၊ လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအားလုံးအပေါ်တွင် စည်းနှောင်မှုရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်ကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန် ကြေညာရမည်ဖြစ်ပါသည်။

၅၇။ ဥပဒေများ၊ နိုင်ငံတော်သမ္မတအမိန့်များနှင့် အမျိုးသားလွှတ်တော်၏ လုပ်ထုံးလုပ်နည်းဆိုင်ရာနည်းဥပဒေများနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက

ပျက်ပြယ်ကြောင်းဆုံးဖြတ်လိုက်သည့် ဆုံးဖြတ်ချက်ကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ယင်းတို့၏ အာဏာသက်ရောက်မှု ရပ်စဲသည်။

၅၈။ ထို့ကြောင့် အမှုအမှတ် ၅/၂၀၂၀ ၏ ဆုံးဖြတ်ချက်ကို နိုင်ငံတော်ပြန်တမ်းတွင် ၂၀၂၀ ခုနှစ်၊ မေလ ၁၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံတော်သမ္မတ၏ ပြင်ဆင်ချက်အမိန့်၊ အမိန့်အမှတ် ၂၈ ပါ အပိုဒ် ၂ သည် ၂၀၂၀ ခုနှစ်၊ မေလ ၁၃ ရက်နေ့တွင် အာဏာသက်ရောက်မှုရပ်စဲပြီးဖြစ်ပါသည်။

**လေ့လာသုံးသပ်ချက်**

၅၉။ တူကီယဲနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဥပဒေများ၊ နိုင်ငံတော်သမ္မတအမိန့်များ၊ အမျိုးသားလွှတ်တော်၏ လုပ်ထုံးလုပ်နည်းဆိုင်ရာနည်းဥပဒေများ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းက တင်သွင်းလာသည့် အမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိမရှိ စိစစ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်များကို စိစစ်ခြင်းနှင့် အတည်ပြုခြင်း၊ နိုင်ငံတော်သမ္မတ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ၊ ဝန်ကြီးများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အယူခံတရားရုံး၊ နိုင်ငံတော်ကောင်စီ၊ တရားသူကြီးနှင့်ရှေ့နေများကောင်စီ၊ စာရင်းစစ်တရားရုံး၊ ရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်၊ စစ်ဦးစီးချုပ်၊ ကြည်းတပ်ဦးစီးချုပ်၊ ရေတပ်ဦးစီးချုပ်နှင့်လေတပ်ဦးစီးချုပ်စသည်တို့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် ပြစ်မှုဆိုင်ရာကိစ္စရပ်များကိုလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကဲ့သို့ စစ်ဆေးခြင်း၊ တရားရုံးတစ်ရုံးက စစ်ဆေးဆဲအမှုနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီမညီ အငြင်းပွားမှုပေါ်ပေါက်၍ တင်သွင်းလာသည့်အမှုများကို စိစစ်ခြင်း၊ နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စိစစ်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်လာသည့် အခြားလုပ်ငန်းတာဝန်များ စသည်တို့ကို ဆောင်ရွက်နိုင်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။

၆၀။ တူကီယဲနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ လုပ်ပိုင်ခွင့်အာဏာများကို ကျယ်ကျယ်ပြန့်ပြန့် အပ်နှင်းထားကြောင်း တွေ့ရှိရသည်။ သို့သော်လည်း နိုင်ငံတော်အကြီးအကဲများ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် ပြစ်မှုဆိုင်ရာကိစ္စရပ်များကို တရားလွှတ်တော်ချုပ်က စီရင်ပိုင်ခွင့်ရှိသကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတို့

တွင်လည်း စီရင်ပိုင်ခွင့်အာဏာရှိကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် တူကီယဲသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေသည် တရားလွှတ်တော်ချုပ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတို့တွင် လုပ်ပိုင်ခွင့်များကို ရောထွေးစွာ အပ်နှင်းထားကြောင်း လေ့လာတွေ့ရှိရပါသည်။

၆၁။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ပြစ်မှုဆိုင်ရာကိစ္စရပ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက စိစစ်ရသည့်အတွက် ကိုယ့်တရားကိုယ်စီရင်သကဲ့သို့ ဖြစ်နေသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

၆၂။ တူကီယဲသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ လုပ်ငန်းတာဝန်များအနက် "တရားရုံးတစ်ရုံးက စစ်ဆေးဆဲအမှုနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီမညီအငြင်းပွားမှုပေါ်ပေါက်၍ တင်သွင်းလာသည့်အမှုများကို စိစစ်ခြင်း" သည် မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်နှင့်တူညီကြောင်း လေ့လာတွေ့ရှိရပါသည်။

၆၃။ ဆက်လက်၍ တူကီယဲသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေတွင် အမှုတင်သွင်းရာ၌ အမှုများအလိုက် လုပ်ထုံးလုပ်နည်းများ ခွဲခြားထားကြောင်းနှင့် အချိန်ကာလများအား အသေးစိတ်သတ်မှတ်ထားသည်ကိုလည်း အတုယူဖွယ် လေ့လာတွေ့ရှိရသည်။

၆၄။ တူကီယဲသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတွင် အမှုများကို ကြားနာစစ်ဆေးရာတွင် စိစစ်ရေးအဖွဲ့နှင့် စုံညီတရားရုံးဟူ၍ ခွဲခြားထားပြီး လုပ်ပိုင်ခွင့်များကိုလည်း ခွဲခြားထားကြောင်း တွေ့ရှိရပါသည်။ စိစစ်ရေးအဖွဲ့သည် မြန်မာနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကဲ့သို့ အမှုတွင်လိုအပ်သည့် စာရွက်စာတမ်းအချက်အလက်များ ပြည့်စုံခြင်းရှိမရှိ ပဏာမစိစစ်ရခြင်းမဟုတ်ဘဲ လူပုဂ္ဂိုလ်တစ်ဦးချင်းက တင်သွင်းလာသည့်အမှုများကို ကြားနာသည်မှ ဆုံးဖြတ်ချက်ချပြီးသည်အထိ စစ်ဆေးရကြောင်း တွေ့ရှိရပါသည်။

၆၅။ တူကီယဲနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ခဲ့သည့် အမှုအမှတ် ၅/၂၀၂၀ နှင့် စပ်လျဉ်း၍ သုံးသပ်ရလျှင်မူ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပဒေပြုရေးအာဏာကို အမျိုးသားလွှတ်တော်သို့လည်းကောင်း၊ နိုင်ငံတော်၏အုပ်ချုပ်ရေးအာဏာကို နိုင်ငံတော်သမ္မတထံသို့လည်းကောင်း၊ တရားစီရင်ရေးအာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

ပါဝင်သော တရားရုံးအဆင့်ဆင့်ထံသို့လည်းကောင်း အာဏာများကို ပိုင်းခြားအပ်နှင်းထား ကြောင်း တွေ့ရှိရသည်။ သို့သော်လည်း နိုင်ငံတော်သမ္မတ အမိန့်ထုတ်ပြန်ခွင့်ရှိသည့် ကိစ္စရပ်များနှင့် ဥပဒေဖြင့် ပြဋ္ဌာန်းဆောင်ရွက်ရမည့်ကိစ္စရပ်များကိုမူ ရှင်းရှင်းလင်းလင်း ပြဋ္ဌာန်းထားခြင်းမရှိဘဲ ရောထွေးလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၆၆။ ထိုကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေက ရောထွေးစွာအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်အာဏာများကို ရှင်းလင်းစေရန်ဆောင်ရွက်ရသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ကြီးလေးသည့် တာဝန်တစ်ရပ်ဖြစ်သည်ကို ဤအမှု၏ဆုံးဖြတ်ချက်တွင် တွေ့ရှိနိုင်ပါကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

**နိဂုံး**

၆၇။ တူကီယဲသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ခဲ့သည့် ၅/၂၀၂၀ ကို လေ့လာခြင်းအားဖြင့် တရားရုံး၏ အမှုစစ်ဆေးစီရင်ပုံများ၊ ၎င်းနိုင်ငံက ကျင့်သုံးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေများ အကြောင်းကို ကျယ်ပြန့်စွာ သိရှိရသကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၏ အားသာချက်နှင့် အားနည်းချက်များကို သိရှိရပါသည်။ တူကီယဲသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကဏ္ဍများအလိုက် အသေးစိတ်ထည့်သွင်း ပြဋ္ဌာန်းထားသော်လည်း အချို့ပုဒ်မများသည် ရှင်းလင်းမှုမရှိဘဲ ရောထွေးလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

၆၈။ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ဥပဒေများပြဋ္ဌာန်းရာတွင် လည်းကောင်း၊ ပြင်ဆင်ရာတွင် လည်းကောင်း အားနည်းချက်များကို ရှောင်ကြဉ်၍ အားသာချက်များကို ကိုးကားနိုင်ရန် လေ့လာတင်ပြရခြင်းဖြစ်ပါသည်။

## ကိုးကားသည့်စာရွက်စာတမ်းများ

၁။ တူကီယဲသမ္မတနိုင်ငံ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ (ပြင်ဆင်ချက်၊ ၁၉၉၅၊ ၂၀၀၁၊ ၂၀၀၂၊ ၂၀၀၃၊ ၂၀၀၄၊ ၂၀၁၇)

၂။ တူကီယဲသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ (၂၀၁၁)

၃။ ဘဏ္ဍာငွေစီမံခန့်ခွဲရေးနှင့်ထိန်းချုပ်ရေးဥပဒေ (၂၀၀၃)

၄။ တူကီယဲသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ၂၃-၁-၂၀၂၀ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက် ၅/၂၀၂၀

၅။ https://www.anayasa.gov.tr/en/legislation/law-on-constitutional-court/

၆။ https://www.anayasa.gov.tr/en/leading-judgments/decision-concerning-the-general-principles-for-constitutional-review-of-presidential-decrees-e201931-k20205/

## ဆုံးဖြတ်ချက် ၅/၂၀၂၀ တွင် ကိုးကားအသုံးပြုခဲ့သည့် ဥပဒေများနှင့် ပုဒ်မများ

### ၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ

ပုဒ်မ ၂ တူရကီယဲသမ္မတနိုင်ငံသည် ငြိမ်းချမ်းရေး၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် တရားမျှတမှုရှိခြင်း၊ လူ့အခွင့်အရေးများကို လေးစားလိုက်နာခြင်း Atatürk ၏ အမျိုးသားရေးဝါဒအပေါ် သစ္စာစောင့်သိပြီး ဤဖွဲ့စည်းပုံအခြေခံဥပဒေ နိဒါန်းတွင် ဖော်ပြထားသော အခြေခံကျသည့် အယူဝါဒများအပေါ် အခြေခံထားသည့် တရားဥပဒေစိုးမိုးရေးကို အလေးထား အုပ်ချုပ်သော ဒီမိုကရေစီနိုင်ငံဖြစ်သည်။

ပုဒ်မ ၇ ဥပဒေပြုရေးအာဏာကို တူရကီယဲနိုင်ငံသားများကိုယ်စား အမျိုးသားလွှတ်တော်သို့ အပ်နှင်းထားသည်။ ၎င်းအာဏာကို ခွဲဝေဆောင်ရွက်ခွင့်မရှိ။

ပုဒ်မ ၈ အုပ်ချုပ်ရေးအာဏာနှင့် လုပ်ငန်းတာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေတို့နှင့်အညီ နိုင်ငံတော်သမ္မတက ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

ပုဒ်မ ၁၀၄/၉ နိုင်ငံတော်သမ္မတသည် အဆင့်မြင့်အရာရှိကြီးများကို ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်းနှင့် အဆိုပါအဆင့်မြင့်အရာရှိကြီးများ ခန့်အပ်ခြင်းနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများနှင့် မူသဘောတရားများကို သမ္မတအမိန့် ထုတ်ပြန်၍ ဆောင်ရွက်နိုင်သည်။

ပုဒ်မ ၁၀၄/၁၇ နိုင်ငံတော်သမ္မတသည် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ သမ္မတ အမိန့်ထုတ်ပြန်နိုင်သည်။ အခန်း (၁) နှင့် (၂) တို့တွင် ပါရှိသော အခြေခံအခွင့်အရေးများ၊ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အခွင့်အရေးများနှင့် တာဝန်များ၊ အခန်း (၄) ဒုတိယအပိုင်းတွင် ပါရှိသည့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ၊ တာဝန်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတအမိန့် ထုတ်ပြန်ခွင့်မရှိချေ။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပဒေဖြင့် ပြဋ္ဌာန်းဆောင်ရွက်ရန် သတ်မှတ်ထားသည့်ကိစ္စရပ်များတွင်လည်း သမ္မတအမိန့်ထုတ်ပြန်ခွင့်မရှိပေ။ ဥပဒေဖြင့် အတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်

သည့် ကိစ္စရပ်များတွင်လည်း သမ္မတအမိန့် ထုတ်ပြန်ခွင့်မရှိ။ ကိစ္စရပ်တစ်ခုတည်းအပေါ် ဥပဒေဖြင့်ပြဋ္ဌာန်းခြင်းနှင့် သမ္မတအမိန့်ထုတ်ပြန်ခြင်း အငြင်းပွားမှုဖြစ်ပေါ်ပါက ဥပဒေပြဋ္ဌာန်းချက်က လွှမ်းမိုးမည်ဖြစ်သည်။ ကိစ္စရပ်တစ်ခုတည်းအပေါ် အမျိုးသားလွှတ်တော်က ဥပဒေပြဋ္ဌာန်းသည့်အခါ သမ္မတအမိန့်သည် ပျက်ပြယ်သည်။

ပုဒ်မ ၁၀၆/၁၁ ဗဟိုနှင့်ဒေသဆိုင်ရာ ဝန်ကြီးဌာနများ ဖွဲ့စည်းခြင်းနှင့် တည်ထောင်ခြင်း၊ ဖျက်သိမ်းခြင်း၊ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် အဖွဲ့ဖွဲ့စည်းခြင်းများ စသည့်ကိစ္စရပ်များကို နိုင်ငံတော်သမ္မတအမိန့်ဖြင့် ထုတ်ပြန်ဆောင်ရွက်နိုင်သည်။

ပုဒ်မ ၁၀၈/၄ နိုင်ငံတော်ကြီးကြပ် ကွပ်ကဲရေးကောင်စီ၏ အဖွဲ့ဖွဲ့စည်းခြင်း၊ သက်တမ်း၊ လုပ်ငန်းတာဝန်များနှင့် ၎င်းတို့၏အဆင့်အတန်း နှင့်စပ်လျဉ်းသည့် အခြားပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စရပ်များကို နိုင်ငံတော်သမ္မတ အမိန့်ဖြင့် ထုတ်ပြန်ဆောင်ရွက်နိုင်သည်။

ပုဒ်မ ၁၁၈/၆ နိုင်ငံတော်လုံခြုံရေးကောင်စီ၏ အထွေထွေအတွင်းရေးမှူးချုပ်ရုံး ဖွဲ့စည်းပုံနှင့် တာဝန်များကို နိုင်ငံတော်သမ္မတအမိန့်ဖြင့် ထုတ်ပြန်ဆောင်ရွက်နိုင်သည်။

ပုဒ်မ ၁၂၃/၁ စီမံခန့်ခွဲရေးဆိုင်ရာအဖွဲ့အစည်းများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို ဥပဒေဖြင့် ပြဋ္ဌာန်းဆောင်ရွက်ရမည်။

ပုဒ်မ ၁၂၃/၃ ဥပဒေ သို့မဟုတ် နိုင်ငံတော်သမ္မတအမိန့် ထုတ်ပြန်၍ ပြည်သူ့ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ရမည်။

ပုဒ်မ ၁၂၈/၁ နိုင်ငံတော်၊ နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများနှင့် အခြားပြည်သူ့ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်းများတွင် ဆောင်ရွက်နေသောဝန်ထမ်းများ၊ အလုပ်သမားများသည် အခြေခံနှင့်အမြဲတမ်း လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို အထွေထွေစီမံခန့်ခွဲမှု မူသဘောတရားများနှင့်အညီ ဆောင်ရွက်ရမည်။

ပုဒ်မ ၁၂၈/၂ ပြည်သူ့ဝန်ထမ်းများနှင့် အခြားအရာထမ်းများကို ခန့်အပ်ခြင်း၊ အရည်အချင်းသတ်မှတ်ခြင်း၊ လစာနှင့်ဝင်ငွေများ၊ တာဝန်နှင့် အခွင့်အရေးများ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့် ၎င်းတို့အဆင့်အတန်းနှင့် ဆက်နွယ်သည့် ကိစ္စရပ်များကို ဥပဒေပြဋ္ဌာန်းဆောင်ရွက်ရမည်။

ပုဒ်မ ၁၄၈/ တူကီယဲနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်များမှာ-

ဖွဲ့စည်းပုံ/တရားရုံး ဥပဒေပုဒ်မ ၃(၁)

(က) ဥပဒေများ၊ နိုင်ငံတော်သမ္မတ၏အမိန့်များ၊ အမျိုးသားလွှတ်တော်၏ လုပ်ထုံးလုပ်နည်းဆိုင်ရာနည်းဥပဒေများ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းက တင်သွင်းလာသည့် အမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ မရှိ စိစစ်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်များကို စိစစ်ခြင်းနှင့် အတည်ပြုခြင်း၊

(ဂ) နိုင်ငံတော်သမ္မတ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ၊ ဝန်ကြီးများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အယူခံတရားရုံး၊ နိုင်ငံတော်ကောင်စီ၊ တရားသူကြီးနှင့်ရှေ့နေများကောင်စီ၊ စာရင်းစစ်တရားရုံး၊ ရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်၊ စစ်ဦးစီးချုပ်၊ ကြည်းတပ်ဦးစီးချုပ်၊ ရေတပ်ဦးစီးချုပ်နှင့် လေတပ်ဦးစီးချုပ်စသည်တို့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် ပြစ်မှုဆိုင်ရာ ကိစ္စရပ်များကိုလည်း တရားလွှတ်တော်ချုပ်ကဲ့သို့ စစ်ဆေးခြင်း၊

(ဃ) တရားရုံးတစ်ရုံးက စစ်ဆေးဆဲအမှုနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီမညီ အငြင်းပွားမှုပေါ်ပေါက်၍ တင်သွင်းလာသည့် အမှုများကို စိစစ်ခြင်း၊

(င) နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စိစစ်ခြင်း၊

(စ) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်လာသည့် အခြားလုပ်ငန်းတာဝန်များ စသည်တို့ဖြစ်ပါသည်။

ပုဒ်မ ၁၅၀/ ဖွဲ့စည်းပုံ/တရားရုံး ဥပဒေပုဒ်မ ၃၅

ဥပဒေများ၊ နိုင်ငံတော်သမ္မတ၏အမိန့်များ၊ အမျိုးသားလွှတ်တော်၏ လုပ်ထုံးလုပ်နည်းဆိုင်ရာနည်းဥပဒေများ သို့မဟုတ် ယင်းတို့၏ အချို့အပိုဒ် သို့မဟုတ် ပြဋ္ဌာန်းချက်တစ်ခုသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိ၍ ပယ်ဖျက်ပေးပါရန် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တိုက်ရိုက်တင်သွင်းခွင့်ရှိသည်။

- နိုင်ငံတော်သမ္မတ၊
- အမျိုးသားလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံးပါဝင်သည့် နိုင်ငံရေး ပါတီများ၊
- အမျိုးသားလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်ဦးရေ အနည်းဆုံး ၅ ပုံ ၁ ပုံ ပါဝင်သည့် နိုင်ငံရေးပါတီ။

ပုဒ်မ ၁၅၁ ဖွဲ့စည်းပုံ/တရားရုံး ဥပဒေပုဒ်မ ၃၇

ဥပဒေများ၊ နိုင်ငံတော်သမ္မတ၏ အမိန့်များ၊ အမျိုးသားလွှတ်တော်၏ လုပ်ထုံး လုပ်နည်းဆိုင်ရာနည်းဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိပါက ပယ်ဖျက်ပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တိုက်ရိုက်တင်သွင်းနိုင်သည်။

ပုဒ်မ ၁၆၁/၁ နိုင်ငံတော်နှင့် အဖွဲ့အစည်းများ၏ ရငွေသုံးငွေများကို နှစ်စဉ် ဘဏ္ဍာငွေများဖြင့် ဆုံးဖြတ်သည်။ ဘဏ္ဍာရေးနှစ်အစတွင် ဗဟိုအစိုးရ၏ ဘဏ္ဍာငွေများကို ပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ထိန်းချုပ်ခြင်း၊ ရှင်းနီးမြှုပ်နှံရန်အတွက် လုပ်ထုံးလုပ်နည်းများနှင့် အထူးကာလများသတ်မှတ်ခြင်း၊ စီးပွားရေးနှင့်ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့နှင့် စပ်လျဉ်း၍ တစ်နှစ်ထက်ပိုသောကာလအတွက် ခန့်မှန်း၍ ဥပဒေရေးဆွဲပြဋ္ဌာန်းရမည်။

## ၂။ ဘဏ္ဍာငွေစီမံခန့်ခွဲရေးနှင့်ထိန်းချုပ်ရေးဥပဒေ

ပုဒ်မ ၃၅ ဘဏ္ဍာငွေကြိုတင် ပေးချေမှုပမာဏသည် သက်ဆိုင်ရာစာချုပ်တွင် သတ်မှတ်ထားသည့် လုံခြုံရေးအရသာ ဆောင်ရွက်ရမည်ဖြစ်ပြီး စုစုပေါင်းစာချုပ်တန်ဖိုး၏ ၃၀ ရာခိုင်နှုန်းထက် မကျော်လွန်စေရ။ ကြိုတင်ငွေပေးချေမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဥပဒေများ သို့မဟုတ် သမ္မတအမိန့်များဖြင့် ဆောင်ရွက်ရမည်။